**စကားကျေးရွာ**

**ဂန့်ဂေါမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စကားကျေးရွာ ၊ ဂန့်ဂေါမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| စကားချီ | | ၃ |
| ဂန့်ဂေါမြို့နယ် ၊ စကားကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၄ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၅ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၅ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၇ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၇ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၈ |
| | (င) ပညာရေး | ၈ |
| | (စ) ကျန်းမာရေး | ၈ |
| | (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉ |
| | (ဇ) ကျား/မ ရေးရာ | ၉ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၀ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၀ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | ၁၂ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၂ |
| | ဇယား (၂) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ | ၁၂ |
| | ဇယား (၃) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၃ |
| | ဇယား (၄) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၃ |
| | ဇယား (၅) ဥစ္စာနေအဆင့်အခြေအနေ | ၁၅ |
| | ဇယား (၆) စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၆ |
| | ဇယား (၇) ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၆ |
| | ဇယား (၈) မွေးမြူရေးလုပ်ငန်း | ၁၇ |
| | ဇယား (၉) မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ | ၁၈ |
| | ဇယား (၁၀) အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ | ၁၉ |
| | ဇယား (၁၁) ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၁၉ |
| | ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၀ |
| | ဇယား (၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ | ၂၀ |
| | ဇယား (၁၄) လျှပ်စစ်မီးရရှိမှု | ၂၁ |
| | ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၂၁ |
| | ဇယား (၁၆) ကျောင်းတက်နှုန်း | ၂၂ |
| | ဇယား (၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၂၂ |

ဇယား (၁၈) အဖြစ်များသော ရောဂါများ ၂၃
ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၂၄
ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ) ၂၅
ဇယား (၂၁) သောက်သုံးရေရရှိမှု ၂၅
ဇယား (၂၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) ၂၆
ဇယား (၂၃) ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ ၂၆
ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ ၂၇
ဇယား (၂၅) ကျား/မ ရေးရာ ၂၈
၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ၂၉

**စကားချီ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ စကားကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ်ဖြစ်ပါသည်။စီမံကိန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော ဂန့်ဂေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ များအားလုံး ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိ/ရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ်တွင်မဆို တိုင်ပင် ဆွေးနွေးရာတွင် လူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထားဆောင်ရွက်ရပါမည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည်ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သောအဖွဲ့အစည်းများနှင့်ဦးစီးဌာနများထံတင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော စကားကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်အားစီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်းမဟုတ်ဘဲပြောင်းလဲမှုရှိလာသည်နှင့် အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စကားကျေးရွာ
ဂန့်ဂေါမြို့နယ်

## ဂန့်ဂေါမြို့နယ် ၊ စကားကျေးရွာ အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း- ဂန့်ဂေါမြို့နယ် ၊ စကားကျေးရွာအုပ်စု ၊ စကားကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များကိုယ်တိုင် ပူးပေါင်းပါဝင် အကဲဖြတ်ဆောင်ရွက်ခြင်းမှ ရယူသည်။

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

စကားကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် စီမံချက်ရေးဆွဲသည့်အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်တော်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ လိုလားချက်များ၊ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန်မဟာဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင် ပါသည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရရှိစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

စကားကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် မုံရွာ- ပုလဲ- ဂန့်ဂေါ ကားလမ်းမပေါ်ရှိ ကျောမြို့နှင့် (၆)မိုင်အကွာ ကပစ(၂၃) သို့သွားရာ ကွန်ကရစ် လမ်းမပေါ်တွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် ပုံတောင်၊ ပုံညာ တောင်နှစ်တောင်ကြား မြေပြန့် ဒေသတွင် တည်ရှိပါသည်။ဂန့်ဂေါမြို့မှ (၄၄)မိုင်ခန့်ကွာဝေးပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ရာသီဥတု အနေဖြင့် မိုးများခြင်း၊ မိုးခေါင်ခြင်း မရှိသော်လည်း ပုံမှန်မဟုတ်ပေ။ လယ်ယာမြေများသည် မြေဆီလွှာ အသင့်အတင့် အနေအထားတွင်ရှိပြီး စပါးနှင့်ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက် မွေးဝမ်းကျောင်းအတွက် အဓိကအားထားရာဖြစ်သည်။ ရွာသည် ပုံတောင်ပုံညာကြားတွင် တည်ရှိ သောကြောင့် သစ်ပင်၊ ဝါးပင်ပေါပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့မှ ဦးဆောင်၍ဘာသာရေးကိစ္စ၊လူမှုရေးကိစ္စများကို ဆောင်ရွက် ပါသည်။ အရန်မီးသတ်တပ်ဖွဲ့ ၊ ကျေးရွာမီးလင်းရေးကော်မတီ၊ ကျေးရွာရေရရှိရေး ကော်မတီ စသည့်အဖွဲ့အစည်းများလည်း ဖွဲ့စည်းထားပါသည်။ လူငယ်များ၏ ဦးဆောင်မှုဖြင့် သက်ကြီး ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ၊ ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီ၊ လူငယ်အဖွဲ့စသည့် အဖွဲ့ငယ်များဖွဲ့စည်းပြီး ကျေးရွာအကျိုးပြုလုပ်ငန်း များ ဆောင်ရွက်ကြပါသည်။

### ( ခ ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စပါးနှင့် နှမ်းစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်ပါသည်။ သီးထပ် အဖြစ် ပဲအမျိုးမျိုးနှင့်နေကြာတို့ကိုစိုက်ပျိုးပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက တင်း(၂၀)မှတင်း(၇၀)အထိထွက်ရှိပြီးပျှမ်းမျှတစ်ဧက(၄၅)တင်းခန့်ထွက်ရှိပါသည်။နှမ်းအထွက်နှုန်း မှာ တစ်ဧက (၂)တင်းမှ (၇)တင်းအထိထွက်ရှိပြီး ပျမ်းမျှတစ်ဧက (၄.၅)တင်း ထွက်ရှိပါသည်။

သွင်းအားစု (ဓာတ်မြေသြဇာ ၊ ပိုးသတ်ဆေး ၊ မြို့သတ်ဆေး ၊ အားဆေး) ဈေးကြီးမှု ပြဿနာ နှင့် စနစ်တကျသုံးစွဲမှုအားနည်းခြင်းတို့ကြောင့် မြေအချဉ်ပေါက်ခြင်း၊ ဓာတ်ကြွင်းကျန်မှုများ၍ ထွက်ကုန်အဆင့်အတန်းမဝင်တော့ခြင်းများဖြစ်ပေါ်ကာ စိုက်ပျိုးမြေမှာ ထိန်းသိမ်းကာကွယ် ရမည့် အခြေအနေဖြစ်ပါသည်။

အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာ အစားထိုးသုံးစွဲတတ်ရန် နိုင်ငံတော်အဆင့်တောင်သူ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။ကျေးရွာတွင် ကုန်သည်များ၊ ကျပန်းဈေးသည်များ၊ ပန်းရံ၊ လက်သမားနှင့် ဆိုင်ကယ်ပြုပြင်ခြင်း တတ်ကျွမ်းသူများ ရှိပါသည်။ သို့သော်လည်း အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ကြားပြသပေးနိုင်မည့်သူ၊ စိုက်/မွေးမဟုတ်သော

အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့်သူများ ကျေးရွာတွင်မရှိပါ။ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလိုလျှင် နီစပ်ရာမြို့များသို့ သွားရောက် သင်ယူရပါသည်။

(ဂ) **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် သောက်သုံးရေ သုံးစွဲရန် ပုံတောင်ခြေမှ စိမ့်စမ်းရေသွယ်၊ ကျေးရွာအတွင်းရှိ ရေလျှံတွင်းတို့မှ ရေလုံလောက်စွာရရှိပါသည်။(သောက်သုံးရန် သင့်/မသင့် ဓါတ်ခွဲစမ်းသပ်ဆောင်ရွက်ထားခြင်းမရှိသေးပါ)

အထက်တန်း(ခွဲ)ကျောင်း (၁)ကျောင်းရှိပြီး KG တန်း မှ ၁၀ တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသား/သူ(၂၀၆)ဦး ရှိပြီး ဆရာ(၃)ဦးနှင့် ဆရာမ(၁၀)ဦးဖြင့် သင်ကြားနေပါသည်။ဆရာ(၁)ဦးနှင့် ဆရာမ(၅)ဦးမှာ ကျေးရွာမှ ခန့်ထားသောဆရာ/မများ ဖြစ်ကြပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပြီး၊ ကျေးရွာနှင့် (၆)မိုင်ခန့်အကွာရှိ ကျော်မြို့တိုက်နယ်ဆေးရုံတို့တွင် ကျန်းမာရေးပြုစု စောင့်ရှောက်ခြင်းများပြုလုပ်နိုင်ပါသည်။ ပုလဲ-ဂန့်ဂေါကားလမ်းမကြီးသည်ကောင်းမွန်သောကြောင့် ဂန့်ဂေါမြို့နယ်ဆေးရုံတို့တွင်လည်းသွားရောက်ကုသရန် လွယ်ကူပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုပေးရာတွင် တောင်သူလယ်သမားများအတွက် လယ်ယာစိုက်ပျိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ လယ်တစ်ဧကလျှင် (၁)သိန်း၊ ယာတစ်ဧကလျှင် (၅) သောင်းနှုန်း ငွေထုတ်ချေးပါသည်။ နှစ်ရှည်ချေးငွေဆိုလျှင် တောင်သူများ အတွက် ပိုမိုအဆင်ပြေပါသည်။ ငွေထုတ်ပေးခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာတွင် မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း ၊ ဘွဲ့ရ စသည်ဖြင့် အလွှာအသီးသီးရှိပါသည်။လက်ရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်/ ကောလိပ်တက်ရောက်သူ (၅၁)ဦးရှိပါသည်။ အထက်တန်းတွင် (၈၃)ဦး၊ အလယ်တန်းတွင်(၈၀)ဦး နှင့် မူလတန်းတွင် (၄၃)ဦးတို့ ပညာသင်ကြားလျက်ရှိပါသည်။ပညာတစ်ပိုင်းတစ်စနှင့် ထွက်လိုက်ရသောလူငယ်များရှိသောကြောင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကြားမှုများ ဆောင်ရွက်နိုင်လျှင်လူငယ်အများစုအတွက် အကျိုးရှိပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာတွင်း နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရောဂါအနေဖြင့် မသန့်ရှင်းသော စားအုန်းဆီစားသုံးမိ၍ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများရှိသောကြောင့် ရာသီအလိုက် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်နည်းသည်ကို တွေ့ရပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပြီး၊ ကျေးရွာနှင့် (၆)မိုင်ခန့်အကွာရှိ ကျော်မြို့တိုက်နယ်ဆေးရုံတို့တွင် ကျန်းမာရေးပြုစု စောင့်ရှောက်ခြင်းများ ပြုလုပ်နိုင်ပါသည်။

၉

ပုလဲ-ဂန့်ဂေါကားလမ်းမကြီးသည် ကောင်းမွန်သောကြောင့် ဂန့်ဂေါမြို့နယ်ဆေးရုံတို့တွင် သွားရောက်ကုသရန်လည်း လွယ်ကူပါသည်။အာဟာရအနေဖြင့် ကျောင်းအဟာရတိုက်ကျွေးမှု အစီအစဉ်များအပြင် ကျန်းမာရေးဌာနမှ အသိပညာပေးဟောပြောပွဲများ ကျင်းပပေးမှုကြောင့် ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အာဟာရပြည့်ဝအောင် စားသုံးကြပြီး အာဟာရချို့တဲ့မှု မရှိကြောင်း တွေ့ရပါသည်။သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားရခြင်းမှာ ခြင်ပေါက်ဖွားမှုဖြစ်ပြီး ရေနုတ်မြောင်းများမရှိခြင်း၊ ကျေးရွာရေဆိုးထုတ်မြောင်းမရှိခြင်း၊ ရွာ၏အနိမ့်ပိုင်းနေရာမှ ရေများအောင်းနေသည့်ပတ်ဝန်းကျင်မှ ကလေးများသည် သွေးလွန်တုတ်ကွေးရောဂါ အဖြစ်များကြောင်း တွေ့ရှိရပါသည်။ ယခုနှစ်ပွင့်လင်းရာသီတွင် ရေနုတ်မြောင်း၊ ရေဆိုးထုတ်မြောင်းဖောက်လုပ်ပြီး ကလေးများ၏ကျန်းမာရေးကို စောင့်ရှောက်ရမည်ဖြစ်ပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာလယ်ယာမြေများတွင်အသုံးပြုသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများသည် ဓာတုဆေးများဖြစ်တာကြောင့် သတ်မှတ်နှုန်းထား၊ ပမာဏ၊ အချိန်စသည် ညွှန်ကြားချက်များအတိုင်း လုပ်ကိုင်နိုင်မှုအားနည်းခြင်းကြောင့် စိုက်ပျိုးရေးထွက်ကုန်များသည် ဈေးကွက်တွင် မျက်နှာပန်းမလှ ဖြစ်ခဲ့ရသည်။ တောင်သူအများစုမှ ဓါတ်မြေသြဇာ၊ ဓာတုပိုးသတ်ဆေးများ အသုံးပြုခြင်းများကြောင့် ကျေးရွာသူ/သားများ ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် ကင်ဆာအမျိုးမျိုးဖြစ်ပွားခြင်းများ ကြုံနေရပါသည်။

(ဇ) **ကျား / မ ရေးရာ**

ကျား/မရေးရာတွင် အမျိုးသားများသည် တောင်ယာလုပ်ငန်းများလုပ်ကိုင်ကြပြီး အမျိုးသမီးများသည်လည်း စက်ချုပ်ခြင်း၊ ယက်ကန်ယက်ခြင်းများ ဆောင်ရွက်ကြပါသည်။ ဘာသာရေး၊ လူမှုရေး၊ ပရဟိတအသင်းအဖွဲ့များတွင် အမျိုးသား၊ အမျိုးသမီးအချိုးတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကြောင့် ကျား/မ ရေးရာသည် ညီမျှပါသည်။

အုပ်ချုပ်ရေးနယ်ပယ်တွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လာ၍ ကျား/မတန်းတူ အခွင့်အရေးရှိပါသည်။

၄။ ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန
ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | စကား | စကား | ကျေးရွာတွင်းလမ်းမြေနီ ကျောက်စရစ်ခင်းရန် | ၁ | |
| | | | အိမ်တိုင်ရာရောက် ရေပေးရေး လုပ်ငန်းအား အဆင့်မြှင့်တင်ရန် | ၂ | |
| | | | ပညာရေး ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရန် | ၃ | |
| | | | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရန် | ၄ | |
| | | | မုန့်တိုင်းချောင်းတွင် ဆည်တည်ဆောက်ရန် | ၅ | |
| | | | မူးယစ်တားဆီး နှိမ်နင်းရေး ဆောင်ရွက်ရန် | ၆ | |
| | | | စာသင်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန် | ၇ | |
| | | | သီးနှံအထွက်နှုန်းကောင်း အောင် ဆောင်ရွက်ရန် | ၈ | |
| | | | မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၉ | |
| | | | ကြိုးတံတား ဆောက်လုပ်ရန် | ၁၀ | |

၅။ **ဂန့်ဂေါမြို့နယ်၊ စကားကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းရန် | ၁ | ✓ | | | | |
| ၂ | အိမ်တိုင်ရာရောက် ရေပေးရေး လုပ်ငန်းအား အဆင့်မြှင့်တင်ရန် | ၂ | | ✓ | | | |
| ၃ | ပညာရေး ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရန် | ၃ | | | ✓ | | |
| ၄ | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရန် | ၄ | | | | ✓ | |
| ၅ | မုန်တိုင်းချောင်းတွင် ဆည်တည်ဆောက်ရန် | ၅ | | | | | ✓ |
| ၆ | မူးယစ်တားဆီး နှိမ်နင်းရေး ဆောင်ရွက်ရန် | ၆ | | ✓ | | | |
| ၇ | စာသင်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန် | ၇ | | | ✓ | | |
| ၈ | သီးနှံအထွက်နှုန်းကောင်း အောင် ဆောင်ရွက်ရန် | ၈ | | | | | ✓ |
| ၉ | မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၉ | | | | ✓ | |
| ၁၀ | ကြိုးတံတား ဆောက်လုပ်ရန် | ၁၀ | | | | | ✓ |

၆။ **ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) စကားကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | ဇနီ့စို့အရွယ် | ၁၁ | ၁၂ | ၂၃ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၄ | ၂၉ | ၅၃ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၁ | ၄၄ | ၈၅ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၀ | ၅၀ | ၁၀၀ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၅၄ | ၄၄၈ | ၉၀၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၄၉ | ၄၇ | ၉၆ |
| **စုစုပေါင်း** | | **၆၂၉** | **၆၃၀** | **၁၂၅၉** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၂၆၇** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။စကားကျေးရွာ၏ လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူ အများစုဖြစ်ပြီး အသက်(၆၅)နှစ်အထက်လူဦးရေမှာ(၈%)ခန့်သာရှိပါသည်။ အလုပ် လုပ်ကိုင်နိုင်သောလူဦးရေမှာ (၇၂%)ခန့်ရှိသောကြောင့် ကျေးရွာ၏လူမှုဖွံ့ဖြိုးရေး၊ စီးပွားရေးကိစ္စများတွင် ဖွံ့ဖြိုးတိုးတက်လာရန် အလားအလာ အလွန်ကောင်းပါသည်။ လူဦးရေ၏(၁၅%)ခန့်သည် ပညာသင်ကြားလျက်ရှိပြီး ကျေးရွာရှိ ပညာသင်ကြားရမည့်အရွယ်အားလုံး ပညာသင်ကြားလျက်ရှိသောကြောင့်ပညာရေးအထူး ကောင်းမွန်လျက်ရှိပါသည်။

## (၂) သဘာဝရင်းမြစ်နှင့်ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) စကားကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့** | **ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့် စမ်း စသည်)** |
|---|---|---|---|---|
| လယ်မြေ | ၃၉၆ | သင့် | မရ | - |
| ယာမြေ/တောင်ယာမြေ | ၂၃၀.၅ | သင့် | မရ | - |
| ဥယျာဉ်ခြံမြေ | ၂ | သင့် | မရ | - |
| ကိုင်း/ကျွန်းမြေ | | | | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| မြေလွတ်/မြေလပ် | - | - | - | - |
| **စုစုပေါင်း** | **၆၂၉.၅** | - | - | - |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** စကားကျေးရွာ လယ်မြေများမှာ မိုးရေကို အဓိကအသုံးပြုကြရပါသည်။ မိုးခေါင်သောနှစ်များတွင် သီးနှံများ ရေရရန်ခက်ခဲသောကြောင့် သီးနှံအထွက်နှုန်းလျော့ကြလျက်ရှိပြီး လုပ်သားရှားပါးမှုများကြောင့် စိုက်ပျိုးလုပ်ကိုင်ရာတွင် အဆင်မပြေမှုများ ရှိပါကြောင်း တွေ့ရှိရပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) စကားကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | ခက် |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် သဘာဝအရင်းအမြစ် | မရှိ | ခက် |
| တိရိစ္ဆာန်မျိုးစိပ်များ | သင့် | ခက် |
| အပင်မျိုးစိပ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော | များ | လွယ် |
| ပျမ်းမျှအပူချိန် - | ပျမ်းမျှမိုးရေချိန် - | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** စကားကျေးရွာသည် ပုံတောင်၊ပုံညာ တောင်နှစ်ခုကြားတွင်တည်ရှိသောကြောင့် သစ်ပင်၊ဝါးပင်များပေါများပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား(၄) စကားကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူငယ် အဖွဲ့ | ၁□ ၂√ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၂ | ပရဟိတ အဖွဲ့ | ၁☐ ၂√ ၃☐ | ပညာရေး☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | |
| ၃ | ကျန်းမာရေး ကော်မတီ | ၁☐၂ √ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး √ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | |
| ၄ | မီးကော်မတီ | ၁☐၂ √ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | |
| ၅ | ဂေါပက အဖွဲ့ | ၁☐၂ ☐၃√ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | |
| ၆ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐၂ √ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး√<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | |
| ၇ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐၂ √ ၃☐ | ပညာရေး √ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပရဟိတလုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို လူငယ်များမှ လုပ်ကိုင်ဆောင်ရွက်ကြပြီး သာရေး ၊ နာရေးများတွင် လူငယ်ပရဟိတအဖွဲ့မှ တက်ညီလက်ညီ ဆောင်ရွက်ကြပါသည်။သက်ကြီးပူဇော်ပွဲနှင့် ဆရာဟောင်းများအား အာစရိယပူဇော်ပွဲများကို လူငယ်ပရဟိတများမှဦးဆောင်၍ လုပ်ကိုင်ခြင်းနှင့် အားကစားပွဲများဖြစ်မြောက်ရေးကိုလည်း ဆောင်ရွက် ကြကြောင်း တွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) စကားကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ ဧကနှင့် အထက် | ၅ဧကနှင့် ၂ဧကကြား | ၂ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | နှစ်ထပ်တိုက် | ပျဉ်ထောင် သွပ်မိုး | ထရံကာ၊ သွပ်မိုး | (၃)ပင် ကပ်ကာ မြေစိုက်အိမ် |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ထွန်စက် | ကျွဲ၊ နွား | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ၊ | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | **၆** | **၁၉၁** | **၆၃** | **၇** |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုကွာဟမှုမှာ များပြားပါသည်။အလွန်အဆင်မပြေသော အိမ်ထောင်စုများမှာ ခေါင်းရွက် ဗျတ်ထိုး ကျပန်းလုပ်ကိုင်စားသောက်ကြရပါသည်။ အချို့သောအိမ်ထောင်စုများမှာ သက်ကြီးရွယ်အို နှင့်မှီခိုသူ များပြားကြခြင်းနှင့်ကျန်းမာရေးမကောင်း၍ အလုပ်မလုပ်နိုင်ခြင်းကြောင့် ကျောထောက် နောက်ခံမရှိခြင်းဖြစ်သည့်အတွက် အဆင်မပြေခြင်းများရှိကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ် အဆင့်ရှိသောမိသားစုများ အများဆုံးရှိသော ကျေးရွာဖြစ်ပါသည်။

## (၄.၂) သီးနှံထုတ်လုပ်မှု

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) စကားကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၉ | ၁၄% | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၁၁၈ | ၄၆% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၇၆ | ၂၉% | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၃၄ | ၁၁% | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | | | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | **၂၆၇** | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသူ/သားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုသာ အဓိကထား လုပ်ကိုင်ကြပြီး လယ်ယာမဲ့အများစုမှာမြို့ပေါ်တက်၍ လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများတွင် ကျပန်းအလုပ်၊ ပန်းရံနှင့် လက်သမားလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက် ကြပါသည်။စိုက်ပျိုးရေး ၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် သီးနှံဖျက်ပိုး ကာကွယ်ရေးများအတွက် နည်းပညာနှင့် ငွေကြေးအထူး လိုအပ်နေကြောင်း လေလာတွေ့ရှိရပါသည်။ အချို့ချမ်းသာသူများသည် ကျောက်သူဌေးများ ဖြစ်ကြပါသည်။

### (၄-၂-၂) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | | တင်း | ၂၀ | ၇၀ | ၄၅ | - |
| ပဲ | | တင်း | ၂ | ၇ | ၄ | - |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။စကားကျေးရွာသူ/သားများသည် ပဲနှင့်စပါးကို မိုးဦးကာလတွင် အဓိကထားစိုက်ပျိုးကြပါသည်။ သီးထပ်သီးနှံအပြင် မတ်ပဲ၊ ကုလားပဲများကို အနည်းငယ်စိုက်ပျိုး ကြပါသည်။

**(၄-၃)မွေးမြူရေးလုပ်ငန်း**

ဇယား(၈)စကားကျေးရွာ၏မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၇၁ | ၂၉၀ |
| နို့စားနွား | ၁ | ၄ |
| ကျွဲ | ၁၂၇ | ၃၇၄ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၁၄၉ | ၂၁၃ |
| ကြက် | ၁၄၇ | ၁၅၄၇ |
| ဘဲ | - | - |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** စကားကျေးရွာသည် လယ်ယာမြေများထွန်ယက်စိုက်ပျိုးရန်အတွက် ကျွဲနှင့်နွားများကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ နို့စားနွားအချို့ မွေးမြူထားကြောင်းလည်း တွေ့ရှိရပါသည်။ ဝက်နှင့်ကြက်ကို စီးပွားဖြစ်မဟုတ်ဘဲ တနိုင်တစ်ပိုင်မွေးမြူထားကြကြောင်းလည်း တွေ့ရှိရပါသည်။

## (၄.၄) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စကားကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ် သမား အရေ အတွက် | မိသား စုဝင် လုပ် အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း | ၁ | ၁၅ | - | - |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး(ဆိုင်ကယ်ပြင်) | ၁ | ၁ | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှ၊ ပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း ပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၅ | | ၅ | |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါ အဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများအပ) | - | - | - | - |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု ၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးလက်နေပြည်သူများဖြစ်သော ကြောင့် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ ပန်းရံနှင့် လက်သမားလုပ်သူ (၁၅)ဦးခန့်ရှိပါသည်။ အိမ်ဈေးဆိုင် (၅)ဆိုင်ခန့်ရှိပါသည်။ ထို့အပြင် ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်ရှိပါသည်။ ကျေးရွာရှိလူငယ်အချို့မှာ ရွှေမော်၊ ရေနံမော်များသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများလည်း ရှိပါသည်။

## (၅) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား(၁၀)ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | ကျောက်မြို့ | ဂန့်ဂေါမြို့ |
| ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံးတစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် √ ၁၀ မှ ၁၅ မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ √ ၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျှင် ☐ စက်ဘီး ☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐ | ခြေလျှင် ☐ စက်ဘီး ☐ ဆိုင်ကယ် √ ကား/ထော်လာဂျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ်- ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊အမျိုးသမီးအုပ်စု၊ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ ကျောက်မြို့ဈေးဖြစ်ပြီး (၆)မိုင်ခန့် ဝေးပါသည်။ အချို့မှာ ဂန့်ဂေါမြို့သို့ ဆိုင်ကယ်၊ကားတို့ဖြင့် သွားရောက်၍ ကုန်စည်များရောင်းဝယ်ကြောင်း တွေ့ရှိရပါသည်။ရာသီပေါ်သီးနှံများအားကျောက်မြို့နှင့်အနီးအနားကျေးရွာများသို့ ဆိုင်ကယ်ဖြင့်သွားရောက်ရောင်းချသူ အနည်းငယ်ရှိပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) စကားကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည်(မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ √ ၂ □ ၃ □ ၄ □ ၅ □ | ကောင်း□ သင့်□ ညံ့√ | ပွင့်လင်းရာသီ √ တစ်နှစ်ပတ်လုံး□ | ၀-၁မိုင် □ ၁-၅မိုင် √ ၅-၁၀ မိုင် □ ၁၀ မိုင်အထက် □ |
| ချဉ်းကပ်လမ်း | ၁□ ၂ √ ၃ □ ၄ □ ၅ □ | ကောင်း□သင့် √ညံ့ □ | ပွင့်လင်းရာသီ √ တစ်နှစ်ပတ်လုံး□ | ၀-၁မိုင် √ ၁-၅မိုင် □ ၅-၁၀ မိုင် □ ၁၀ မိုင်အထက် □ |
| ရွာချင်းဆက်လမ်း | ၁□ ၂ √ ၃ □ ၄ □ ၅ □ | ကောင်း √ သင့် □ညံ့□ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး √ | ၀-၁မိုင် √ ၁-၅မိုင် □ ၅-၁၀ မိုင် □ ၁၀ မိုင်အထက် □ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း လမ်းအများစုသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရွာလျှင်ရွှံ့ဗွက်များဖြစ်ကာ သွားလာရန်ခက်ခဲပါသည်။

## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး(အသုံးမပြုပါက အကွာအဝေး(မိုင်)အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် √ ပါ )။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀ မိုင်အထက် □ အသုံးမပြုပါ √□ | ၁□ ၂□ ၃□ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး□ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀ မိုင်အထက် □ အသုံးမပြုပါ √□ | ၁□ ၂□ ၃□ | ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး□ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေကြောင်းလမ်း အသုံးပြုခြင်းမရှိပါ။

**(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ**

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၄၈ | ၁၅၀ | ၁ | ၂ | ၆ | - | ၇၄ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်နှင့်ကားကိုသာ အဓိကထားသုံးစွဲပါသည်။ မြို့နှင့်ကျေးရွာဆက်သွယ်ရေးကောင်းမွန်သော်လည်း ရွာတွင်းလမ်းမကောင်းသောကြောင့် သွားလာရန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | ၂၃၀ |
| ဆိုလာစနစ် | ၂၉ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၈ |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ။

**လေ့လာတွေ့ရှိချက်။** လျှပ်စစ်မီးရရှိသောကျေးရွာဖြစ်ပါသည်။ အချို့အိမ်ထောင်စုများမှာငွေကြေးအဆင်မပြေမှုများကြောင့် အားသွင်း၍အသုံးပြု၍ရသောမီးအိမ်၊ ဓာတ်ခဲဖြင့်အသုံးပြုရသောမီးအိမ်နှင့် ဖယောင်းတိုင်တို့ကို အသုံးပြုကြရပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၈၉ | ၁၁ | ၁၂၉ |

ရင်းမြစ် - အိမ်ထောင်စုစာရင်း ကောက်ယူမှု

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာသည်တာဝါတိုင်များနှင့် ဝေးခြင်း၊ တောင်နှစ်ခု၏ကြားတွင် တည်ရှိနေခြင်းများကြောင့် ဖုန်းလိုင်းမမိသော်လည်း မြို့သို့အသွားအလာများခြင်းများကြောင့် အင်တာနက်အသုံးပြုသူ၊ဖုန်းကိုင်ဆောင်သူများပြားခြင်းဖြစ်ပါသည်။သတင်းစာ၊ဂျာနယ်ဖတ်သူများ ယခင်ထက် နည်းသွားပြီး ယခုအခါလူမှုကွန်ယက် အသုံးပြုသူများပြားလာပါသည်။ သတင်းအချက်အလက်များကို လေ့လာကြည့်ရှုသူများပြားလာကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆) ပညာရေး

### (၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| **ပညာရေးအဆင့်အတန်း** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မူလတန်း | ၃၉ | ၄၄ | ၈၃ |
| အလယ်တန်း | ၃၆ | ၄၄ | ၈၀ |
| အထက်တန်း | ၁၂ | ၃၁ | ၄၃ |
| တက္ကသိုလ်ကောလိပ် | ၂၃ | ၂၈ | ၅၁ |

ရင်းမြစ် - (၁)ကျောင်းဝင်စာရင်း ၊ (၂) ဆယ်အိမ်မှူးများ

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာရှိ (အ.ထ.က(ခွဲ))ကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား/သူ (၂၀၆)ဦးရှိပါ့ သည်။ တက္ကသိုလ်တက်ရောက်နေသူ (၅၁)ဦးရှိပါသည်။

### (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း □<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ) √<br>အထက်တန်း □ | မူလတန်း □<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ)□<br>အထက်တန်း □ | မူလတန်း □<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ)□<br>အထက်တန်း □ |
| ခ။ ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | ခြေလျင် □<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | ခြေလျင် □<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ |

| | | | |
|---|---|---|---|
| ဃ။ စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ(စတုရန်းပေ) | ၉၅၂၈ | | |
| င။ အမိုး ၊ နံရံ ၊အခင်း အရည်အသွေး | ကောင်း□သင့်√ ညံ့□ | ကောင်း□သင့်□ညံ့□ | ကောင်း□သင့်□ညံ့□ |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိပါသည်□ မလုံလောက်ပါ √ | လုံလောက်မှုရှိပါသည်□ မလုံလောက်ပါ □ | လုံလောက်မှုရှိပါသည်□ မလုံလောက်ပါ □ |
| ဆ။ ကျောင်းအိမ်သာအခြေအနေ | ကောင်း □ သင့် □ ညံ့ √ မရှိ □ | ကောင်း □ သင့် □ ညံ့ □ မရှိ □ | ကောင်း □ သင့် □ ညံ့ □ မရှိ □ |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိပါသည်√ တိုက်ကျွေးမှု မရှိပါ □ | တိုက်ကျွေးမှုရှိပါသည်□ တိုက်ကျွေးမှု မရှိပါ □ | တိုက်ကျွေးမှုရှိပါသည်□ တိုက်ကျွေးမှု မရှိပါ □ |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား - မ - ပေါင်း | ကျား - မ -ပေါင်း | ကျား - မ -ပေါင်း |
| အစိုးရခန့် | ၂ - ၅ - ၇ | - | - |
| ကျေးရွာခန့် | ၁ - ၅ - ၆ | - | - |

ရင်းမြစ် - (၁)ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းအဆောင်(၂) ဆောင်ရှိသော်လည်း (၂၀၁၈) ခုနှစ်မှ (အ.ထ.က(ခွဲ))ဖွင့်ထားသောကြောင့် ကျောင်းသားဦးရေနှင့် စာသင်ဆောင်၊ အိမ်သာ လုံလောက်မှုမရှိခြင်း၊ စာသင်ခုံ၊ ကျောင်းပရိဘောဂများနှင့် ကျောင်းသားဦးရေ အချိုးကျမှုမရှိခြင်း တို့ကို လေ့လာတွေ့ရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျော | မြင့် □ နိမ့် ✓ မရှိ□ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် □ နိမ့် ✓ မရှိ□ |
| ၃ | ငှက်ဖျား | မြင့် □ နိမ့် ✓ မရှိ□ |
| ၄ | အသက်ရှုလမ်းကြောင်းကူးစက်ရောဂါ | မြင့် □ နိမ့် □ မရှိ ✓ |
| ၅ | HIV,AIDS , လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မြင့် □ နိမ့် □ မရှိ ✓ |
| ၆ | တီဘီ | မြင့် □ နိမ့် □ မရှိ ✓ |
| ၇ | ဆီးချို | မြင့် ✓ နိမ့် □ မရှိ□ |
| ၈ | သွေးတိုး | မြင့် ✓ နိမ့် □ မရှိ□ |
| ၉ | အသည်းရောဂါ(ဘီ၊စီ) | မြင့် □ နိမ့် ✓ မရှိ□ |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့် □ နိမ့် ✓ မရှိ□ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် □ နိမ့် ✓ မရှိ□ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု (၂)ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် ယခင်က သဘာဝအလျောက် ရာသီတုပ်ကွေးများဖြစ်ခဲ့ပါသည်။ ယခုအချိန်တွင် ရာသီတုတ်ကွေးအပြင် ကျေးရွာ၌ မသန့်ရှင်းသောဆီများ၊စားအုံးဆီများစားသုံးခြင်း၊ ကျန်းမာရေးဗဟုသုတ အားနည်းခြင်းများကြောင့် ဆီးချို၊ သွေးတိုးရောဂါများပါ အဖြစ်များလျက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၇-၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ၊မရှိ အမှန်ခြစ်ရန် | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ |
| ၂ | ဆုံဆို့ ၊ကြက်ညှာ ၊ မေးခိုင်နှင့် အသည်းရောဂါ | √ | |
| ၃ | ပိုလီယိုရောဂါ | √ | |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) | √ | |
| ၅ | ဝက်သက်ရောဂါ | √ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | √ | |
| ၇ | အာဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | √ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** စကားကျေးရွာတွင် ကျန်းမာရေးဌာနမှ လစဉ်ကာကွယ်ဆေး ထိုးနှံမှုများရှိပါသည် ။ အဟာရတိုက်ကျွေးမှုမှာ ကျေးရွာမှ ပရဟိတလူငယ်များ စုပေါင်း၍လည်းကောင်း အလှူရှင်၊ မွေးနေ့ရှင်များမှလည်းကောင်းစာသင်ကျောင်းတွင် အဟာရဒါန တိုက်ကျွေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ /ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့များနှင့် ဂန်ဆောင်မှုများ

| ကျန်းမာရေးဂန်ဆောင်မှု | ခရီးအကွာအဝေး | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန / ဌာန ခွဲ | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ √<br>မရှိ ☐ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် √<br>၁၀ မိုင် အထက် ☐ | ရှိ √<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် √ | ရှိ √<br>မရှိ ☐ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ကျန်းမာရေးဂန်ဆောင်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပြီး၊ ကျေးရွာနှင့် (၆)မိုင်ခန့်အကွာရှိကျောဘတိုက်နယ်ဆေးရုံတို့တွင် ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းများ ပြုလုပ်နိုင်ပါသည်။ပုလဲ-ဂန့်ဂေါကားလမ်းမကြီးသည်ကောင်းမွန်သောကြောင့် ဂန့်ဂေါမြို့နယ်ဆေးရုံတွင်လည်း သွားရောက်ကုသရန် လွယ်ကူပါသည်။

## (၇-၄) ရေနှင့် ပတ်ဂန်းကျင် သန့်ရှင်းရေး

### (၇-၄-၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုနိုင်သော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (နွေ ၊ မိုး ၊ ဆောင်း ) |
|---|---|---|---|
| ရေတွင်း | ၂၅ | ကောင်း √ သင့် ☐ ညံ့ ☐ | (နွေ ၊ မိုး ၊ ဆောင်း ) |
| အဝီစိတွင်း / စက်တပ် | ၂၆၇ | ကောင်း √ သင့် ☐ ညံ့ ☐ | (နွေ ၊ မိုး ၊ ဆောင်း ) |
| အဝီစိတွင်း / တုံကင် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| မိုးရေ သိုလှောင်ကန် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| မြစ်/ချောင်းရေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |

| ရေရှိနိုင်မှု | အသုံးပြုသောအသုံးပြုသော အိမ်ထောင်စု | ရေအရည်အသွေး | လုံလောက်(နွေ၊မိုး၊ဆောင်း) |
|---|---|---|---|
| ရေကန် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ | |
| စိမ့်စမ်းရေ | ၂၆၇ | ကောင်း ☐ သင့် √ ညံ့ ☐ | (နွေ ၊ မိုး ၊ ဆောင်း ) |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်သုံးရေ သုံးစွဲရန် ပုံတောင်ခြေမှ စိမ့်စမ်းရေသွယ်၊ ကျေးရွာအတွင်းရှိ ရေလျှံတွင်းတို့မှ ရေလုံလောက်စွာရရှိပါသည်။

## (၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | - |
| ရေဆွဲအိမ်သာ | – |
| ရေလောင်း/ ယင်လုံအိမ်သာ | ၂၆၇ |
| မသန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲမှု | – |
| တွင်း / ဇလားအိမ်သာ | - |
| တွင်းမရှိအိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။စကားကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၂၆၇) စုရှိပြီး ၊ ယင်လုံအိမ်သာပေါင်း (၂၆၇)လုံးရှိပါသည်။

## (၈) ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) စကားကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ

| စဉ် | ဘေးအန္တရာယ်အမျိုးအစား | အန္တရာယ်ရှိနိုင်မှု အခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဂအရင်းအမြစ်ရှားပါးမှု | - |
| ၃ | ရေကြီးမှု | - |
| ၄ | မိုးခေါင်ခြင်း | - |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | - |
| ၇ | လျှော် | - |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း ၊ မြေဆီလွှာ ပျက်ယွင်းမှု | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - |
| ၁၂ | ငှက်ဖျားရောဂါ | - |
| ၁၃ | တီဘီရောဂါ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | - |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ / လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည့် | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု

**လေ့လာတွေ့ရှိချက်။** ။သဘာဝဘေးအန္တရာယ် ထိခိုက်မှုမရှိကြောင်းတွေ့ရှိရပါသည်။

## (၉)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) စကားကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | - |
| အပင်မျိုးစိတ်များ | လတ် | - |
| ရေအရင်းအမြစ် | လတ် | - |
| ငါးမျိုးကွဲများ | နိမ့် | - |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | နိမ့် | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ လယ်ယာမြေများတွင် သဘာဝမြေဩဇာနှင့် ဧဩ်ဂင်းနစ်မြေဩဇာ အသုံးပြုမှုမရှိကြောင်း တွေ့ရှိရပါသည်။သဘာဝနှင့်လိုက်ဖက်ညီသော မြေဩဇာ အမျိုးအစား အသုံးပြုနိုင်မှု နည်းပါးပြီး အိမ်နီးချင်းနိုင်ငံထုတ်ကွန်ပေါင်း ဓာတ်မြေဩဇာများနှင့် သီးနှံအထွက်တိုး ရွက်ဖျန်းဓာတ်မြေဩဇာများကို ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲ နေကြပါသည်။ စိုက်ပျိုးရေးနှင့် မြေဩဇာ အသုံးပြုမှုသင်တန်းများ ဖွင့်လှစ်ပေးမည်ဆိုပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

### (၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျေးရွာ၏ ကျား/မရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေး အတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စု ဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ□ | မရှိ√ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ√ | မရှိ□ |

ရင်းမြစ်-(၁)အဖွဲ့အစည်းများစာရင်း၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာစီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်း ယခုအခါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ကျောင်းကော်မတီများ၊ကျောင်းအကျိုးတော် ဆောင်နှင့် ကျေးရွာပရဟိတလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

၇။ **ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ**

**ဂန့်ဂေါမြို့နယ်၊စကားကျေးရွာအုပ်စု ၊ စကားကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ**

**တည်ဆောက်မှုအခြေပြဇယား**

**ရပ်မိရပ်ဖအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -မိုးရာသီတွင် ရွာတွင်းလမ်း များမကောင်း ခြင်း။ | -မိုးရေများ၍ ရေတိုက်စားမှု ဖြစ်ခြင်း။ | -ကျောက်၊ သဲ များ အလွယ် တကူ ရရှိ နိုင်ခြင်း။<br>-လုပ်အား ထုတ်ပေး နိုင်ခြင်း။ | -ရန်ပုံငွေမရှိ | -ကျေးလက် လမ်းဖွံ့ဖြိုး ရေးဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် ။ | -ရွာတွင်းလမ်း ပြုပြင်ရန်။ |
| ၂ | -ဆရာ/မ များ အတွက် ဝန်ထမ်း အိမ်ယာ လိုအပ်ခြင်း။ | -အထက်တန်း ကျောင်းခွဲ အတွက် ဆရာ/မ များရောက်ရှိ ခြင်း။ | -ကျောင်းဝင်း အတွင်း မြေနေရာ ရှိခြင်း။ | -ရန်ပုံငွေမရှိ | -ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် ။ | -ဝန်ထမ်း အိမ်ယာ ဆောက်လုပ် ရန်။ |
| ၃ | -ရေလုံလောက် မှုမရှိခြင်း။ | -စက်ရေတွင်း နည်းပါးခြင်း။ | -စက်ရေတွင်း တူးရန်မြေ နေရာရှိခြင်း။ | -ရန်ပုံငွေမရှိ | -ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနနှ င့် ချိတ် ဆက်ဆောင် ရွက်ရန်။ | -ရေရရှိရေး စီမံချက်။ |
| ၄ | -ချောင်းရေ ကျော်ကားကူး တံတား မကောင်းခြင်း။ | -တံတားအမြင့် ပေနိမ့်၍ အမှိုက်များ ပိတ်ဆို့မှု များခြင်း။ | -ဒေသတွင်း ကျောက်၊သဲ ရှိခြင်း။ | - ရန်ပုံငွေမရှိ | - ကျေးလက် လမ်းဖွံ့ဖြိုး ရေးဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် ။ | -ရေကျော် တံတား ရရှိရေး စီမံချက်။ |
| ၅ | -ကြိုးတံတား ဟောင်းနွမ်း ပျက်စီးခြင်း။ | -တံတားအခင်း နှင့် တိုင်များ ပျက်စီးခြင်း | -ဒေသတွင်း သစ်၊ဝါး ဝယ် ယူရန် လွယ်ကူခြင်း။ | - ရန်ပုံငွေမရှိ | - ကျေးလက် လမ်းဖွံ့ဖြိုး ရေးဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် ။ | -ကြိုးတံတား ပြုပြင်ရန်။ |

## ဂန့်ဂေါမြို့နယ်၊စကားကျေးရွာအုပ်စု ၊ စကားကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**တောင်သူအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | - စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း။ | - ရာသီဥတု မမှန်ခြင်း။ | -ဆည်ပိတ်ရန်မြေနေရာနှင့် စက်ရေတွင်းတူးရန်မြေနေရာရှိခြင်း။ | -ရန်ပုံငွေမရှိခြင်း။ | -ဆည်မြောင်း ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | -မုန်တိုင်းချောင်း ဆည်တည်ဆောက်ရန်။ |
| ၂ | -သီးနှံအထွက်နှုန်းနည်းပါးခြင်း။ | -မျိုးကောင်းမျိုးသန့်များရှားပါးခြင်း။ | -စိုက်ပျိုးရေလွယ်ကူစွာရရှိနိုင်ခြင်း။ | -ပိုးမွှားအန္တရာယ် ကာကွယ်ခြင်း နည်းပညာ များ မကျွမ်းကျင်ခြင်း။ | -စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | -သီးနှံ အထွက်နှုန်းကောင်းရန်။ |

# ဂန့်ဂေါမြို့နယ်၊စကားကျေးရွာအုပ်စု ၊ စကားကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအဖွဲ့

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -အလုပ် အကိုင် အခွင့် အလမ်း နည်း ပါးခြင်း။ | -အသက်မွေး ဝမ်းကျောင်း အသိပညာရှင် များ နည်းပါး ခြင်း။<br>-ထုတ်လုပ်မှု စက်ပစ္စည်း များလိုအပ် ခြင်း။ | -ကျေးရွာသူ /သားများမှ အသက်မွေး ဝမ်းကျောင်း ပညာရပ်များ ကို သင်ယူရန် စိတ်အား ထက်သန် ခြင်း။ | - အရင်း အနှီးနှင့်ငွေ ကြေးမပြည့် စုံခြင်း။ | -ကျေး လက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေး ဦးစီးဌာန သို့ချိတ် ဆက် ဆောင်ရွက် ရန်။ | -အသက်မွေး ဝမ်းကြောင်း သင်တန်း များ ဖွင့်လှစ် ပေးခြင်း။ |
| ၂ | -မိသားစု တစ်နိုင်တစ် ပိုင်မွေးမြူရေး လုပ်ကိုင်ရန် လိုအပ်ခြင်း။ | -အရင်းအနှီး နှင့်အထောက် အပံ့ လိုအပ် ခြင်း။ | -အိမ်ထောင် ရှင်မများ လုပ်ကိုင်နိုင် ခြင်း။ | - အရင်း အနှီးနှင့်ငွေ ကြေးမပြည့် စုံခြင်း။ | -မွေးမြူ ရေးနှင့်ကု သရေးဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -မွေးမြူရေး လုပ်ကိုင် လိုခြင်း။ |
| ၃ | -အသေးစား အလတ်စား စက်ရုံများ လိုအပ်ခြင်း။ | -အတတ်ပညာ ရှင်နှင့်အရင်း အနှီးလိုအပ် ခြင်း။ | -ကုန်ကြမ်း သစ်/ဝါး ပေါများခြင်း။ | - အရင်း အနှီးနှင့်ငွေ ကြေးမပြည့် စုံခြင်း။ | -စက်မှု/ လက်မှု ဦးစီးဌာန နှင့်ချိတ် ဆက် ဆောင်ရွက် ရန်။ | - အသေးစား အလတ်စား စက်ရုံများ တည် ဆောက်ရန်။ |

# ဂန့်ဂေါမြို့နယ်၊စကားကျေးရွာအုပ်စု ၊ စကားကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**အမျိုးသမီးအဖွဲ့**

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများကိုဖြစ်စေသော အကြောင်းအရင်းများ | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြုစီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -ဆရာ/မ နေအိမ် လိုအပ်ခြင်း။ | -အထက်တန်းကျောင်းခွဲ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဆရာ/မ များလာခြင်း။ | -ကျေးရွာတွင် သဲ၊ကျောက်၊ သစ်၊ဝါး အလွယ်တကူ ဝယ်ယူနိုင်ခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ | -ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ | -ဆရာ/မ နေအိမ် ဆောက်လုပ်ပေးခြင်း။ |
| ၂ | -စာသင်ဆောင်များ မလုံလောက်ခြင်း။ | -အထက်တန်းကျောင်းခွဲ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ကျောင်းသား/သူများလာခြင်း။ | -ကျေးရွာတွင် သဲ၊ကျောက်၊ သစ်၊ဝါး အလွယ်တကူ ဝယ်ယူနိုင်ခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ | -ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ | -ကျောင်းအဆောက်အဦတိုးချဲ့ခြင်း။ |

## ဂန့်ဂေါမြို့နယ်၊စကားကျေးရွာအုပ်စု ၊ စကားကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**လူငယ်အဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -လူငယ်များ အတွက်အ လုပ်အကိုင်အ ခွင့်အလမ်း နည်းပါးခြင်း။ | -အလုပ်အကိုင် အခွင့်အလမ်း များဖန်တီး ပေးနိုင်မည့်သူ မရှိခြင်း။ | - သင်ယူမည့် လူငယ်များ ရှိခြင်း။ | - အလုပ် အကိုင်အ တွက်ပညာ ရှင်နည်းပြ ဆရာမရှိ ခြင်း။ | -ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | - အသက်မွေး ဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေး ရန်။ |
| ၂ | -မူးယစ်ဆေး များသုံးစွဲ ခြင်း။ | -ရောင်းဝယ် ဖောက်ကားသူ များပေါများ ခြင်း။ | -ဒေသခံလူ ငယ်များပူး ပေါင်းဆောင် ရွက်လိုစိတ် ရှိခြင်း။ | -တားဆီး နှိမ်နင်းမှု နည်းပါး ခြင်း။ | -သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ပေးရန်။ | -မူးယစ်ဆေး ဝါးတားဆီး နှိမ်နင်းရေး စီမံချက်။ |
| ၃ | -ရွာတွင်း လမ်းများ မိုးရာသီတွင် ရွှံ့ဗွက်များ ပေါက်ခြင်း။ | -လမ်းဘေးရေ မြောင်းမရှိ ခြင်း။ | -ကျောက်များ ဝယ်ယူရန်လွ ယ်ကူခြင်း။<br>-လုပ်အား စိုက်ထုတ်ပေး နိုင်ခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ | -ကျေးလက် လမ်းဖွံ့ဖြိုး ရေး ဦးစီးဌာန နှင့်ချိတ်ဆက် ရန်။ | -ရွာတွင်း လမ်းအဆင့် မြှင့်တင်ရန်။ |